FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# ငွေသားလုံခြုံမှုအာမခံပေါ်လစီ

ဤပေါ်လစီ၏အစိတ်အပိုင်းတစ်ခုဖြစ်သော အာမခံအဆိုလွှာ (လျှောက်လွှာ)တွင် ကြေညာထားသည့် ဖော်ပြချက်များအပေါ် အခြေခံ၍လည်းကောင်း၊ အာမခံထားသူပေးသွင်းမည့်ပရီမီယံကို အကြောင်းပြု၍လည်းကောင်း၊ အထွေထွေစည်းမျဉ်းများ၊ အာမခံထားရှိမှုသဘောတူညီချက်များ၊ ဤပေါ်လစီတွင်အကျုံးမဝင်မှုများ၊ ဤပေါ်လစီ၏ ပြင်ဆင်ချက်များနှင့်အညီ ဤကုမ္ပဏီသည် အာမခံထားသူနှင့် အောက်ပါအတိုင်း သဘောတူညီကြသည်။

**<u>အထွေထွေစည်းမျဉ်းများ</u>**

**<u>အဓိပ္ပါယ်ဖော်ပြချက်များ</u>**

၁။ ဤပေါ်လစီတွင် အသုံးပြုလျှင်သော်လည်းကောင်း၊ ပြင်ဆင်ချက်ပြုလုပ်လျှင်သော်လည်းကောင်း အောက်ပါအတိုင်း အဓိပ္ပါယ်ပေါက်သည်။

၁.၁။ **<u>ကုမ္ပဏီ</u>**ဟူသည်မှာ ပေါ်လစီကိုထုတ်ပေးသော **ပထမအမျိုးသားအာမခံ(အထွေထွေ)ကုမ္ပဏီလီမိတက်** ကို ဆိုသည်။

၁.၂။ **<u>အာမခံထားသူ</u>**ဟူသည်မှာ စာရင်းချုပ်တွင် အာမခံထားသူဟူ၍ ဖော်ပြထားသောပုဂ္ဂိုလ်ကိုဆိုသည်။

၁.၃။ **<u>စာရင်းချုပ်</u>**ဟူသည်မှာ ဤပေါ်လစီ၏ စာရင်းချုပ်ကိုဆိုသည်။

၁.၄။ **<u>ငွေ</u>**ဟူသည်မှာ စာရင်းချုပ်တွင်ဖော်ပြထားသည့်အတိုင်း အာမခံထားသူပိုင်ဆိုင်သော(သို့မဟုတ်)ယင်းတို့အတွက် အာမခံထားသူက တာဝန်ခံသည့်ငွေ၊ ဘဏ်မှငွေ၊ ငွေစက္ကူများ၊ အတည်ပြုပြီး ချက်လက်မှတ်များ၊ ငွေအကြွေများ၊ ငွေပို့လွှာများ၊ စာတိုက် ချက်လက်မှတ်များ၊ တံဆိပ်ခေါင်းများနှင့် ငွေစုလက်မှတ်များကိုဆိုသည်။

၁.၅။ **<u>အာမခံထားသည့်ဥပစာများ</u>**ဟူသည်မှာ စာရင်းချုပ်တွင်ဖော်ပြထားသည့်အတိုင်း အာမခံထားသူနေ/ရုံးထိုင် သောအဆောက်အအုံ၏ အတွင်းပိုင်း(ခန်း)ကိုဆိုသည်။

၁.၆။ **<u>မီးခံသေတ္တာကိုဖောက်ထွင်းခြင်း</u>**ဟူသည်မှာ

(က) အားအင် (force) နှင့် ကြမ်းတမ်းရမ်းကားခြင်း (violence) တို့ကို အမှန်တကယ်အသုံးပြုကာခိုးယူခြင်းကို ဆိုသည်။ ထိုကဲ့သို့အားအင်နှင့် ကြမ်းတမ်းရမ်းကားခြင်းကို အမှန်တကယ်အသုံးပြုသောကြောင့် ပေါင်းစပ် အစီအစဉ် (combination) အနည်းဆုံးတစ်ခုဖြင့် သော့ခတ် (သို့မဟုတ်) ပိတ်ရသည့် ခိုင်ခံ့သောအခန်း (strong room) သို့မဟုတ် မီးခံသေတ္တာ (safe) အပြင်ဘက်တွင် လက်နက်ကိရိယာများ၊ ပေါက်ကွဲစေသော ပစ္စည်းများ၊ လျှပ်စစ် (သို့မဟုတ်) ဓာတုဗေဒပစ္စည်းများကြောင့် ဖြစ်ပေါ်သည့် မြင်နိုင်သောအမှတ်အသားများ ရှိကြရမည်။

(ခ) အာမခံထားရှိသောဥပစာများမှ မီးခံသေတ္တာတစ်လုံးကိုရယူခြင်း။

၁.၇။ **<u>ငွေပို့သူ</u>**ဟူသည်မှာ အာမခံထားသူ(သို့မဟုတ်) အစုဝင်တစ်ဦးဦးသို့မဟုတ် ဥပစာများပြင်ပတွင် ငွေကို စောင့်ရှောက်ရန်နှင့်ထိန်းသိမ်းရန်အတွက် အာမခံထားသူ၏ အမြဲတမ်းလုပ်ငန်းတွင်ပါဝင်သော (သို့မဟုတ်) အာမခံထားသူက အမိန့်ပေးထားသောဝန်ထမ်း တစ်ဦးဦးကိုဆိုသည်။

၁.၈။ **ငွေထိန်း** ဟူသည်မှာ အာမခံထားသူ (သို့မဟုတ်) အစုဝင်တစ်ဦးဦး (သို့မဟုတ်) ဥပစာများအတွင်းတွင် ငွေကို စောင့်ရှောက်ရန်နှင့် ထိန်းသိမ်းရန်အတွက် အာမခံထားသူ၏ အမြဲတန်းလုပ်ငန်းတွင်ပါဝင်သော (သို့မဟုတ်) အာမခံထားသူက အမိန့်ပေးထားသော ဝန်ထမ်းတစ်ဦးဦးကိုဆိုသည်။ ယင်းအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အစောင့်၊ အထမ်းသမား (porter) သို့မဟုတ် အပေါက်စောင့် (janitor) အဖြစ် တာဝန်ထမ်းဆောင်သူမည်သူမျှမပါဝင်ပါ။

၁.၉။ **အစောင့်** ဟူသည်မှာအာမခံထားသူ၏ညွှန်ကြားချက် (ခိုင်းစေချက်) အရငွေကိုကာကွယ်စောင့်ရှောက်ရန် အတွက် ငွေကိုသယ်ယူစဉ်တွင် ငွေပို့သူအားအဖော်ပြုသူအမျိုးသားတစ်ဦးဦးကိုဆိုသည်။ ယင်းအဓိပ္ပါယ်ဖွင့် ဆိုချက်တွင် ယာဉ်မောင်းအဖြစ် တာဝန်ထမ်းဆောင်သူ မည်သူမျှမပါဝင်ပါ။

၁.၁၀။ **ဓါးပြတိုက်ခြင်း** ဟူသည်မှာ

၁.၁၀.၁။ ကြမ်းတမ်းရမ်းကားခြင်းတရပ်ရပ်ကို ကျင့်သုံးကာခိုးယူခြင်း သို့မဟုတ် အောက်ပါများကို ဆောင်ရွက်ရန် အလို့ငှာ ကြမ်းတမ်းရမ်းကားခြင်းတစ်ရပ်ကို ချက်ချင်းကျင့်သုံးရန် ခြိမ်းခြောက်ခြင်း ကိုဆိုသည်

(က) ငွေကိုခိုးယူခြင်းသို့မဟုတ် အဝေးသို့ရယူခြင်းအား လွယ်ကူချောမောစေရန်။

(ခ) ငွေကိုထုတ်ယူရရှိစေရန်

(ဂ) ငွေကိုလက်ဝယ်ရရှိစေရန်

(ဃ) အဆိုပါပြစ်မှုကျူးလွန်ခြင်းအားဖုံးကွယ်ရန် နှင့်

(င) အဖမ်းမခံရစေရန်

၁.၁၀.၂။ အသတ်ခံရပြီး၊ တိုက်ခိုက်ခံရပြီးသို့မဟုတ် သတိမေ့မြောစေရန် အပြုခံရပြီးဖြစ်သော ငွေပို့သူ သို့မဟုတ် ငွေထိန်းထံမှ ငွေကိုရယူခြင်းကိုဆိုသည်။

၁.၁၁။ ဆုံးရှုံးခြင်းတွင်ပျက်စီးခြင်းပါဝင်သည်။

၂။ **စာအုပ်များနှင့်မှတ်တမ်းများ** ဤကုမ္ပဏီက ဆုံးရှုံးခြင်းတန်ဘိုးကို တိတိကျကျသတ်မှတ်သိရှိနိုင်ရန်အလို့ငှာ အာမခံထားသူသည် အာမခံထားရှိသောငွေများအား စနစ်တကျမှတ်တမ်းတင်ကာ မှတ်တမ်းများအား သိမ်းဆည်း ထားရှိရမည်။

၃။ **လျော်ကြေးတောင်းခံရာတွင် အာမခံထားသူ၏တာဝန်များ** ဆုံးရှုံးမှုတစ်စုံတစ်ရာဖြစ်ပေါ်သောအခါ အာမခံ ထားသူသည် -

၃.၁။ ရဲအဖွဲ့သို့ ချက်ချင်းအကြောင်းကြားရမည်ဖြစ်သကဲ့သို့ ဤကုမ္ပဏီသို့လည်း ဆုံးရှုံးမှုဖြစ်ပေါ်ကြောင်း နှောင့်နှေးမှုမရှိဘဲ အသိပေးရမည်။

၃.၂။ အာမခံထားသူသည် ဆုံးရှုံးမှုကိုသိရှိပြီးနောက် (၁၅)ရက်အတွင်း စာရေးသား၍ ဤကုမ္ပဏီမှ လျော်ကြေး တောင်းခံရမည်။

အာမခံထားသူသည် မိမိ၏စရိတ်ဖြင့် ဤကုမ္ပဏီက လိုအပ်သည့်အတိုင်း အကြောင်းအရာ အချက်အလက် အားလုံးနှင့် သက်သေခံများအား ဤကုမ္ပဏီသို့ပေးပို့ရမည့်အပြင် ဆုံးရှုံးသည်များကို ပြန်လည်ရရှိစေရန်အတွက် ကျိုးကြောင်း ခိုင်လုံသည် အကူအညီများကိုလည်း ပံ့ပိုးရမည်။

၄။ **အခြားအာမခံ** အာမခံထားသူ (သို့မဟုတ်) အခြားသူတစ်ဦးဦးက ယင်းအန္တရာယ်ကိုပင် အကာအကွယ်ပေးသော အခြားအာမခံတရပ်ရပ်ကိုထားရှိခဲ့လျှင် ဤကုမ္ပဏီသည် အဆိုပါဆုံးရှုံးခြင်းအတွက် အချိုးကျပေးလျော်ရန် (သို့မဟုတ်) ထည့်ဝင်ရန်ထက်ပိုမိုတာဝန်မရှိစေရ။

၅။ **အကျိုးခံစားခွင့်လွှဲပြောင်းပေးခြင်း** ဤကုမ္ပဏီ၏စာဖြင့် ရေးသားခွင့်ပြုချက်မရရှိဘဲ ဤပေါ်လစီပါ အာမခံထားသူ၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းပေး၍ မရပါ။

၆။ **Subrogation** Subrogation အခွင့်အရေးများကို ထိခိုက်စေသောအပြုအမူများအား အာမခံထားသူက ရှောင်ကျဉ်ရ မည်ဖြစ်ပြီး၊ ထိုအခွင့်အရေးများအား ဤကုမ္ပဏီကရရှိခံစားနိုင်စေရန်အလို့ငှာ ဤကုမ္ပဏီအား အကူအညီပေးရမည်။ (**Subrogation** ဆိုသည်မှာသူတစ်ပါး (third party) ကြောင့် အာမခံထားသည့် ပစ္စည်း ဆုံးရှုံးပျက်စီးခြင်းကို အာမခံကုမ္ပဏီက ပေးလျော်ခြင်းအားဖြင့် တာဝန်ရှိသည့် သူတစ်ပါးထံမှ အာမခံထားသူ၏ ရပိုင်ခွင့်ကို အာမခံကုမ္ပဏီက အလိုအလျောက် ဥပဒေနှင့်အညီ ရရှိခြင်း ဖြစ်သည်။)

၇။ **<u>အနုညာတခုံအတွက် အထူးစည်းမျဉ်း</u>**

ဤပေါ်လစီအရ ဤကုမ္ပဏီတွင် တာဝန်ရှိ/မရှိ (သို့မဟုတ်) တာဝန်ရှိခြင်းမှာ ငွေတန်းဘိုးမည်မျှအထိ ဖြစ်သည်/ မဖြစ်သည်ကိစ္စနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာဖြစ်ပေါ်ပါက အငြင်းပွားသူတစ်ဦးစီက ခန့်ထားသည့် လူသား (၂) ဦးဖြစ်သော အနုညာတခုံလူကြီး (၂) ဦး၏ ဆုံးဖြတ်ချက်ကိုနာခံရမည်။ (သို့မဟုတ်) ခုံလူကြီး (၂) ဦး အတွင်း သဘောကွဲလွဲလျှင် ဆုံးဖြတ်ရန်ကိစ္စကို မဆောင်ရွက်မီကပင် ၎င်းတို့ (၂) ဦး စလုံးကခန့်ထားသော ဒိုင်လူကြီး၏ဆုံးဖြတ်ချက်ကို နာခံရမည်။ ဤကုမ္ပဏီက ၎င်း၏အနုညာတခုံလူကြီးအား ခန့်ထားရန် စာဖြင့်ရေးသား မေတ္တာရပ်ခံလာပြီးနောက် ပြက္ခဒိန် (၂)လ အတွင်းအာမခံထားသူ (သို့မဟုတ်) သူ၏တရားဝင် ကိုယ်စားလှယ်များက ၎င်း၏ခုံလူကြီးအား ခန့်ထားရန်ပစ်ပယ်ပျက်ကွက်လျှင်သော်လည်းကောင်း၊ ငြင်းဆန်လျှင် သော်လည်းကောင်း ဤကုမ္ပဏီကခန့်ထားသော အနုညာတ ခုံလူကြီးတစ်ဦးတည်း၏ ဆုံးဖြတ်ချက်ကို နာခံရမည်။ ခုံလူကြီးများ၊ ခုံလူကြီး (သို့မဟုတ်) ဒိုင်လူကြီး၏ဆုံးဖြတ်ချက်ကို ပထမမရရှိသေးမီ ဤပေါ်လစီအရ ပြစ်မှု (သို့မဟုတ်) တရားမကြောင်းအရ တရားစွဲဆိုခြင်းမပြုလုပ်ရ။ အနုညာတခုံရုံးနှင့်ပတ်သက်သည့် စရိတ်စကများမှာ ခုံလူကြီးများ၊ ခုံလူကြီး (သို့မဟုတ်) ဒိုင်လူကြီးကသတ်မှတ်သည့်အတိုင်းဖြစ်သည်။

၈။ **<u>အပြောင်းအလဲများ</u>** တရားဝင်ခွင့်ပြုထားသူပုဂ္ဂိုလ်တစ်ဦးက လက်မှတ်ရေးထိုးပြီး ဤကုမ္ပဏီ၏ တံဆိပ်ခတ်နှိပ်ထားသည့် ပြင်ဆင်ချက်ကိုထုတ်လျက် ဤပေါ်လစီ၏ အစိတ်အပိုင်းတစ်ခုအဖြစ် အာမခံ သဘောတူညီချက်များနှင့် ဤပေါ်လစီ၏ စည်းမျဉ်းများအားအပြောင်းအလဲ ပြုလုပ်နိုင်သည်။

၉။ **အချုပ်စည်းမျဉ်း** အကယ်၍အာမခံထားသူသည် ဤပေါ်လစီပါစည်းမျဉ်းများအား မလိုက်နာမဆောင်ရွက်လျှင် ဤကုမ္ပဏီသည် ဤပေါ်လစီအရ လျော်ကြေးပေးရန်တာဝန်ရှိလိမ့်မည်မဟုတ်ပါ။

၁၀။ **<u>ပေါ်လစီကိုဖျက်သိမ်းခြင်း</u>**

၁၀.၁။ ဤကုမ္ပဏီသည် မိမိနောက်ဆုံးသိရှိရသော အာမခံထားသူ၏လိပ်စာ (သို့မဟုတ်) မှတ်ပုံတင်စာဖြင့် (၁၅)ရက်ထက်မနည်းဘဲ ကြိုတင်စာဖြင့်ရေးသားနို့တစ်ပေးကာ ဤပေါ်လစီကို ဖျက်သိမ်းနိုင်သည်။

ထိုကဲ့သို့ ဖျက်သိမ်းခဲ့လျှင် ပေါ်လစီတည်မြဲခဲ့သောကာလအတွက် ပရီမီယံကိုအချိုးကျတွက်ချက်ခုနှိမ်ပြီး ကျန်ပရီမီယံ ကို အာမခံထားသူသို့ ပြန်အမ်းရမည်။

၁၀.၂။ အာမခံထားသူကလည်း ဤကုမ္ပဏီသို့ စာဖြင့်ရေးသားနို့တစ်ပေးကာ ဤပေါ်လစီကိုဖျက်သိမ်းနိုင်ပြီး ပေါ်လစီတည်မြဲခဲ့သော ကာလအတွက် ပရီမီယံကိုကာလတိုနှုန်းဖြင့် တွက်ချက်ခုနှိမ်ကာ ကျန်ပရီမီယံကို ရရှိပိုင်ခွင့်ရှိရမည်။

၁၁။ **အာမခံစတင်ခြင်း** ဤအာမခံအတွက် ပထမပရီမီယံကို ဤကုမ္ပဏီက ရရှိသောအချိန်တွင် အာမခံစတင်သည်။

**<u>အာမခံသည့် သဘောတူညီမှု</u>**

ဤကုမ္ပဏီသည် စာရင်းချုပ်တွင်ဖော်ပြထားသော အာမခံသက်တမ်းအတွင်းနှင့် စာရင်းချုပ်ဖော်ပြထားသည့် သဘောတူညီမှုအရသာ တာဝန်ယူအာမခံသည်။ အဆိုပါသဘောတူညီမှုအရ ဤကုမ္ပဏီ၏ အများဆုံး တာဝန်ရှိခြင်းမှာ စာရင်းချုပ်ပြသထားသော အာမခံထားငွေဖြစ်သည်။

**<u>မီးခံသေတ္တာသို့မဟုတ် ခိုင်ခန့်သောအခန်းအတွင်းဆုံးရှုံးမှု</u>**

ရုံးချိန်ပြင်ပတွင် အာမခံ၌အကျုံးမဝင်ဟု သတ်မှတ်မထားသော အကြောင်းခြင်းရာတခုခုကြောင့် သော့ခတ်ထားသည့် မီးခံသေတ္တာ (သို့မဟုတ်) သော့ခတ်ထားသည့် ခိုင်ခန့်သောအခန်းအတွင်းမှ ငွေပျောက်ဆုံးခြင်းကို ဤကုမ္ပဏီက လျော်ကြေးပေးမည်။

**<u>အာမခံတွင်အကျုံးမဝင်သည့်အကြောင်းခြင်းရာများ</u>**

ဤပေါ်လီစီစည် အောက်ပါများအား တာဝန်မယူလျော်ကြေးမပေးပါ။

(၁) အာမခံထားသူ (သို့မဟုတ်) အစုဝင်တစ်ဦး (သို့မဟုတ်) ဝန်ထမ်းတစ်ဦး၏ လိမ်လည်ကောက်ကျစ် မရိုးမသား အပြုအမူတစ်ခုခုကြောင့် ဆုံးရှုံးခြင်းတရပ်ရပ်။ ငွေပို့သူ (Messenger)၊ ငွေထိန်း (Custodian) တစ်ဦးက ယင်းအပြုအမူကို ကျူးလွန်ခဲ့ပြီးနောက် ရုံးဖွင့်ရက်(၃)ရက်အတွင်း သိရှိလာရသည့်ကျူးလွန်မှုမှအပ။ အကယ်၍ လိမ်လည်ကောက်ကျစ် မရိုးမသားအပြုအမူကိုမသိရှိသေးမီ အကြိမ်ကြိမ်ကျူးလွန်ခဲ့သည့် ကိစ္စတွင် စတင်သိရှိရသည့်ရက်အား ကျူးလွန်သည့် ပထမရက်ဟု မှတ်ယူရမည်။

(၂) စာမူများ၊ စာရင်းများ (သို့မဟုတ်) မှတ်တမ်းများမည်ကဲ့သို့ဆုံးရှုံးခြင်းမဆို

(၃) အတုလုပ်ခြင်း၊ မည်သည့်ဝယ်ယူခြင်း (သို့မဟုတ်) အလဲအလှယ်လုပ်ခြင်းအတွက်မဆို ငွေပေးခြင်း(သို့မဟုတ်) စာရင်း(သို့မဟုတ်) သင်္ချာအမှားများ (သို့မဟုတ်) ထိမ်းချုန်ခြင်းများကြောင့် ဆုံးရှုံးခြင်းတရပ်ရပ်။

(၄) သမာဓိအာမခံက အာမခံသော ဆုံးရှုံးမှုတရပ်ရပ်အရ မည်သည့်ဆုံးရှုံးခြင်းမဆို။

(၅) စစ်ဖြစ်ပွားခြင်း (စစ်ကြေညာသည်ဖြစ်စေ၊ မကြေညာသည်ဖြစ်စေ) ပြည်တွင်းစစ်၊ အကြမ်းဖက်တိုက်ခိုက်ခြင်း (Terrorism)၊ သပိတ်၊ အဓိကရုဏ်း၊ ရုန်းရင်းဆန်ခတ် (Civil Commotion) ဖြစ်ရာမှ လူထုအုံကြွမှုဖြစ်သွားခြင်း (Popular Rising)၊ သူပုန်ထခြင်း၊ တော်လှန်ရေး၊ အစိုးရအမိန့်ဖြင့် ပစ္စည်းသိမ်းယူခြင်းတို့ကြောင့် ဆုံးရှုံးခြင်း တရပ်ရပ်။

(၆) အနုမြူလောင်စာလောင်ကျွမ်းရာမှထွက်ပေါ်လာသည့် မည်သည့်အနုမြူစွန့်ပစ်ပစ္စည်းကြောင့်မဆို (သို့မဟုတ်) အနုမြူလောင်စာတစ်ခုခုမှ ရေဒီယိုသတ္တိကြွခြင်းကြောင့် ညစ်ညမ်းစေခြင်း (သို့မဟုတ်) ရေဒီယိုအရောင်ထွက်ခြင်း၊ အနုမြူလက်နက်များကြောင့် ဆုံးရှုံးခြင်းတရပ်ရပ်။

(၇) မည်ကဲ့သို့ စတင်လောင်ကျွမ်းခဲ့သောမီးကြောင့်မဆို ဆုံးရှုံးခြင်း (သို့မဟုတ်) ပျက်စီးခြင်းတရပ်ရပ်။